လုံခါးကျေးရွာ

ရပ်ဘော့ကျေးရွာအုပ်စု၊နောင်မွန်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာတမ်းများနှင့်

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)



စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လုံခါးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နောင်မွန်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မတ်လ ၊ ၂၀၂၂ ခုနှစ်

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

အတိုကောက်စကားလုံးများ

ကျေးရွာစိတ်ဓာတ်

လုံခြုံကျေးရွာ ရာသီခွင်ပြကွန်ဒန်



ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်ရေးဆွဲခြင်း

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု												
အလုပ်အကိုင်	ထင်းခုတ်	ခြံကာအာရုံး	ပိန်း 2 မြောင်းနှိုက်	တောင်ယာခုစာ	တောင်ယာမီးရှို့	လယ်ထွန်ပျိုးကြဲ	ကောက်ရိတ်	မြက်ခုတ်	မုန်ညင်းခင်းခုတ်	ကောက်ရိတ်	စပါးသိမ်း	ထင်းခုတ်
သောက်သုံးရေ												
နိုက်ပျိုးရေ	-	-	-	-	-							-
ရောဂါကျရောက်မှု(လူ)	ဆောင်းဆိုး				ဝမ်းလျှော				ဒူးဆစ်ရောင်းကိုက်	ဒူးဝေဆောင်းဆို့	ဒူးဝေမျှေးဆို့	-
ရောဂါကျရောက်မှု (တိရစ္ဆာန်)				ခွေးဒူးကျ								
သီးနှံပိုးမွှားကျရောက်မှု					အောင်းခင်းမှိုးကျ			ဝပါးမှိုးကျ	မှိုးကျ			
ပွဲတော်	နှစ်သစ်ကူး ပွဲ	မင်္ဂလာဆောင်မှု	မင်္ဂလာဆောင်မှု	မင်္ဂလာဆောင်မှု	ပျဉ်းမြတ်ပွဲ အမဖြေကပွဲ					ကျေးဇူးတော်ပွဲးမွေးမှု		အာဇာနည်နေ့
သဘာဝဘေး					လေပြင်း		ရာသီ	ရာသီ				
ဝင်ငွေ												

လုံခါးကျေးရွာသဘာဝသယံဇာတပြမြေပုံ



လုံခါးကျေးရွာ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှု



လုံခါးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျေးရွာသည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ၊နောင်မွန်မြို့နယ်၊ ရပ်ဘော့ကျေးရွာအုပ်စု၊ နောင်မွန်မြို့မှ (၁၀)မိုင်ခန့် ကွာဝေးပြီး ၊ နောင်မွန်မြို့၏ တောင်ဘက်မှစီးဆင်းလာသော ကဆန်ချောင်း နံဘေးတွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၂၇˚ ၆၅' မှ ၂၈˚ ၁၅' နှင့် အရှေ့လောင် ဂျီတွဒ် ၉၇˚ , ၀ မှ ၉၈˚ , ၀.၉' တွင် တည်ရှိသည်။ ပင်လယ်ပြင်မျက်နှာပြင်အထက် ၁၇၉၈' တွင်တည်ရှိပြီး ဧရိယာစတုရန်းမိုင် (၃၀၂၁) တွင် တည်ရှိသည်။ တောင်တန်းဒေသဖြစ်သောကြောင့် မိုးများသည့်ဒေသဖြစ်ကာ မိုးရေချိန် လက္ခ(၁၈၈)ခန့် တွင်တည်ရှိပါသည်။ မြေအမျိုးအစားမှာ သဲဆန်သောမြေအမျိုးအစာဖြစ်ပြီးရာသီဥတုမှာမိုး၊ဆောင်း ရာသီဥတု (၂) မျိုးသာရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန် လက်မ(၁၈၈)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါးအမျိုးအစား(၁၅)၊ ညောင်ပင်၊ငှက်ပျောနှင့်သဖန်း၊စကားဝါ စသော အခြားသောအမျိုးအမည်မသိအပင်များစွာပေါက်ရောက်သည်။ မိုးစပါး သီးနှံစိုက်ပျိုးနိုင်သော လယ်(၈)ဧက ၊တောင်ယာ(၁) ဧက၊ သခွား၊ ငရုတ်၊ ပြောင်းဖူး၊ ဝီလောဝီနံ၊ ကစွန်း၌၊ ပိန်း၌ ဆောင်သီးနှံ စိုက်ပျိုးနိုင်သော ဥယျာဉ်မြေ (၁)ဧက ရှိသည်။ ကျေးရွာတွင် နွေစပါး စိုက်ပျိုးနိုင်ခြင်းမရှိသေးပါ။ သဘာဝပေါက်ပင် ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမန္ကယ်၊ နန္ကင်းဝါ၊ ငရုပ်ကောင်း၊ ဝါး၊ ဂျာမနီပင်၊ အခြားအမျိုးအမည်မသိသော ဆေးဖက်ဝင်အပင်များစွာရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးမပြုနိုင်ကြပါ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရှိပြီး အုပ်ချုပ်ရေး၊ ပညာရေး ၊ လူမှုရေး ကို အခြေခံ သော အဖွဲ့ ၁ ဖွဲ့နှင့်ကျန်းမားရေး၊လူမှုကူညီရေးကို အခြေခံသောအဖွဲ့(၂)ဖွဲ့၊ ဘာသာရေးကိုအခြေခံသောအဖွဲ့ ၂ ဖွဲ့တို့ရှိ ပါသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန် ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှု မရှိကြ ပါ။ သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါ သည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့ အစည်းများ အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် ကျေးရွာကို ကောင်းစွာ ဦးဆောင်စီမံခန့်ခွဲနိုင်သော အဖွဲ့အစည်းစနစ်မရှိပါ။ ကျေးရွာအတွင်းအဖွဲ့အစည်းများစွာ ရှိ သော်လည်း တဖွဲ့နှင့်တဖွဲ့ အခြေအနေကို မသိကြဘဲ အဖွဲ့အစည်း အချင်းချင်း ချိတ်ဆက်မှုလည်းမရှိ။ ချိတ်ဆက်မှုအား နည်းသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း နှင့် သား၊ ငါး ရှာဖွေရောင်းဝယ်ရေးလုပ်ငန်း များဖြစ်သော်လည်း မလုပ်နိုင်၊မရှာဖွေနိုင်ကြသည်။ မိုးရာသီတွင် နှစ်စဉ် မိုး စပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် တောင်ယာ၊လယ် စပါး၊ ပြောင်းဖူးနှင့် ဆောင်းသီးနှံ၊ ကျေးရွာတွင် လယ် ၈ ဧက၊ ဥယျာဉ်ခြံမြေ ၁ ဧက ၊တောင်ယာမြေ ၁ ဧက ရှိသည်။ လယ်ယာမြေမှာ မြေဆီလွှာ အရည်အသွေး အသင့်သင့်ရှိသော်လည်း ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။ လယ်များမှာ မိုးရေကို အားကိုးစိုက်ပျိုးနေကြရပြီး ကျေးရွာ၏အနိမ့်ပိုင်းလယ်များသည် မိုးရာသီတွင် ရေလွှမ်းခြင်းကြောင့် စပါးများ ပုပ်ပြီး ကောက်ပြန်စိုက်ရသည့်အခက်အခဲများ ကြုံတွေ့နေရပါသည်။ ထို့ကြောင့် ရေနှုတ်မြောင်း နှင့် ရေပြွန်များသုံးနိုင်ပါက အဆင်ပြေစွာ စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ စပါးတစ် ဧက အနည်းဆုံး တင်း (၃၀) မှ အများဆုံးတင်း (၄၀) ရှိပြီး ပျမ်းမျှ တစ်ဧက (၃၅) တင်းနှုန်းထွက် သည်။ မိုးစပါးကို ဂွန်လတွင် စတင်ပျိုးထောင် စိုက်ပျိုး ကြပြီး ဇူလိုင်လတွင် ကောက်စိုက်ကာ နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။

ပြောင်းဖူးကို ဧပြီ/မေလများတွင် စတင် စိုက်ပျိုးကြပြီး ဇွန်/ဇူလိုင်လများတွင် ရိတ်သိမ်းကြသည်။ ပြောင်းဖူး၊ ပိန်းဥ၊ အာလူး စသော သီးနှံများကိုစီးပွားအဖြစ်စိုက်ပျိုးခြင်းမလုပ်ဘဲ တစ်ပိုင်တစ်နိုင်အတွက်သာ စိုက်ပျိုးကြသည်။

ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်လောက်သာ စိုက် ပျိုးကြသည်။ သီးနှံများစွေးကွက်ရှိသော်လည်း မြေဆီလွှာများ စိုက်သလောက်မဖြစ်ထွန်းသောကြောင့် အကျိုးအမြတ်နည်းစွာရရှိကြသည်။ မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားသော စွေးကွက်ဝင် သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့် အတွက် ကျေးရွာပြည်သူများသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ် လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။

ကျေးရွာတွင် အိမ်ခြေ ၆ အိမ်ရှိပြီး တပိုင်တနိုင် စိုက်ပျိုးရေးနှင့် သား၊ငါး ရှာဖွေရေး လုပ်ငန်းများကိုသာ လုပ်ကိုင်ပြီးဆင်းရဲစွာ အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်သည်။ ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များ ကို အိမ်တိုင်းနီးပါးမွေးမြူကြသော် လည်းစီးပွါးဖြစ် မွေးမြူလေ့မရှိကြပါ။ ကျေးရွာတွင် နွား ၉ ကောင်၊ ဝက် ၇ ကောင် ၊ ကြက် ၆၄ ကောင် မွေးမြူကြသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ မူလတန်းကျောင်းသားဦးရေ ၅ အလယ်တန်းကျောင်းသားဦးရေမှာ ၆ ဦး၊ အထက်တန်း ကျောင်းသားဦးရေ ၂ ဦးရှိပြီး ကျောင်းသူ/သားများမှာ ကျေးရွာနှင့် (၂)ဖာလုံမိုင်ခန့် ဝေးသော ရပ်ဘော့(၁)အထက်တန်းကျောင်းခွဲသို့ တက်ရောက်ကြရသည်။ ထို့ကြောင့် ရွာချင်းဆက်လမ်းများ မှာ ကတ္တရာလမ်းများ ဖြစ်ပြီး ကောင်းမွန်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ နွေနှင့်ဆောင်းတွင် သွားလာရ အသင့်အတင့် အစဉ်ပြေသော်လည်း မိုးတွင်းအခါတွင် ရွှံ့ဗွက်လမ်းဖြင့် အသွင်ပြောင်း၍ အလွန်သွားလာရ ခက်ခဲသော လမ်း

ဖြစ်ပါသဖြင့် အလွန်ညံ့သောလမ်းဟု ဆိုရပါမည်။ ရွာတွင်းလမ်းအရှည်မှာ (၄) ဖာလုံမိုင်ခန့်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး မြောက်ဘက်တွင် ရှိမန်ကျေးရွာတည်ရှိပြီး မိမိတို့ ကျေးရွာနှင့်(၁) မိုင်ခန့်တည်ရှိသည်။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ နာဆေးချောင်းဆိုး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးတိုးရောဂါဖြစ်သည်။ အခြားရောဂါများအနည်းငယ်ရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲသည် ရပ်ဘော့(၁)ကျေးရွာတွင် တည်ရှိပြီး လူမှုရေး၊ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့အစည်းများဖြစ်သည့် (World Concert)(MAM) ပြင်ပအသင်းများ ရှိခြင်းကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အချိန်မှီဆေးရုံ၊ဆေးပေးခန်းများသို့ ကူညီပို့ဆောင်ပေးနိုင်သဖြင့် အသက်ဆုံး ရှုံးမှုမရှိပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ စောင့်ရှောက်အဖွဲ့များ၏ ကျန်းမာရေးပညာရေးဟောပြောမှုများကြောင့် ယခင်အိမ်သာမရှိသောအိမ်များပင် ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)များ အသုံးပြုနေကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးအနေဖြင့် အသေးစားဆိုလာစနစ်ကိုသာ အသုံးပြုကြသည်။ ဖယောင်းတိုင်ကိုလည်း အသုံးပြုကြသည်။ ဆိုလာစနစ်သုံးစွဲသူများမှာ ရာသီဥတုမကောင်းပါက အားမပြည့်ပါ။

ကျေးရွာ နှင့်အနီးဆုံးစျေးမှာ နောင်မွန်စျေးဖြစ်ပြီး ၁၀ မိုင်ခန့်ဝေးသည်။ ကျေးရွာမှထွက်သော စပါး၊ပြောင်း၊သား၊ငါး စသော ကုန်စည်များများရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၁၀)ကျော်ခန့် ကွာဝေးသော နောင်မွန်စျေးသို့ ဆိုင်ကယ်ဖြင့်သွားရောင်းရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

လုံခါးကျေးရွာတွင် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများမှာ မြစိမ်းရောင်ကျေးရွာလည်ပတ်ရန်ပုံငွေချေးငွေရှိပြီး အတိုးနှုန်းသက်သာသည်။

(င) ပညာရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ မူလတန်းကျောင်းအဆင့်ရှိသူ(၅)၊အလယ်တန်းကျောင်း အဆင့်ရှိသူ(၆)၊ အထက်တန်းအဆင့်ရှိသူ(၂)ဦးရှိပြီး ရပ်ဘော့(၁) အထက်တန်းကျောင်းခွဲသို့ တက်ရသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်း မမီ သောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ် များမရှိပါ။

(စ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ နားဆေးချောင်းဆိုး၊ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပြီး ဖြစ်ပွါးမှုနိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေးရောဂါ အဖြစ်များသည်။ ၄င်္ကျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုရှိသည်။ ဟင်းအချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ဓါတုဆေးဝါးပါသော

အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင် ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေး လေ့ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများမတတ်နိုင်ကြသည်။ အသည်းရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက် ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့် အတူသုံးစွဲရာ မှတဆင့် အလွယ်တကူ ကူးစက်နိုင်သောကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ်များသည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေး လေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးရန်လိုအပ် လျက်ရှိသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာအခြေအနေတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီဩဇာ လျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအတွက်အသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှုမြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု မြင့်သည်။ စည်းကမ်းကဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ် သာရှိပြီး ရှားပါးလာသည်။ မိုးရာသီတွင် မိုးများစွာရွာသွန်းပြီး စပါးခင်းများ ရေနှစ်မြှုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများ ရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများ ကြုံတွေ့ကြရသည်။ ရေကြီးသည့်နှစ်များတွင် လယ်များ ပျက်စီးပြီး အချို့တောင်သူများ လယ်မဲ့များဖြစ်နေသည်ကို တွေ့ရှိရပါသည်။ လယ်မဲ့ဖြစ်သွားသည့် တောင်သူများကို နိုင်ငံတော်မှထောက်ပံ့ရေးအစီအမံများ ဆောင်ရွက်ပေးသင့်ကြောင်းတွေ့ရှိရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု ခေါင်းဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေသေးသော ကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြ သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခ တန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသားတစ်ရက်လုပ်အားခ ၈၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက် လုပ်အားခ ၆၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခသိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူရသည်ဟု ဆိုနိုင်ပါသည်။

(က) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး
စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးရ မည်။

စဉ်	စီမံချက်အမည်	အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ရနမ်ချောင်း မြေထိန်းနံရံ	၁	-				
၂	ရွာတွင်းကြားလမ်းသဲကျောက်ခင်းခြင်းလုပ်ငန်း	၂		-			
၃	ရေပေးရေး	၃			-		
၄	မီးလင်းရေး	၄				-	
၅	ရွာတွင်းတံတားတည်ဆောက်ခြင်း	၅					-

ဦးစားပေးစီမံချက်

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦးများ					
	၁။ ရုနမ်ချောင်း မြေထိန်းနံရံ	၁၀၀	၁	-ရုနမ်ချောင်း မြေထိန်းနံရံ	ကျေးလက်ဦးစီးဌာန
	၂။ရွာတွင်းကြားလမ်းသဲကျောက်ခင်းခြင်းလုပ်ငန်း	၉၈	၂	– ရွာတွင်းသဲကျောက်ခင်းခြင်းလုပ်ငန်း	ကျေးလက်ဦးစီး
	၃။ တံတားတည်ဆောက်ခြင်း	၈၀	၅	-ရွာတွင်း တံတားတည်ဆောက်ခြင်း	ကျေးလက်ဦးစီး
ရေပေးရေး					
	၄။ရေပေးရေးရေးလုပ်ငန်း	၉၀	၃	စိမ့်စမ်းရေသွယ်ခြင်း	ကျေးလက်ဦးစီးဌာန
မီးလင်းရေးကဏ္ဍ					
	၅။ မီးလင်းရေး	၈၈	၄	မီးလင်းရေး(ဆိုလာ)	ကျေးလက်ဦးစီးဌာန

နောက်ဆက်တွဲ (၁)
ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းအရင်းဖစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁။ ကဏ္ဍ– လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း					
ရေတိုက်စားမြေထိန်းနံရံတည်ဆောက်ခြင်း	ရနမ်ချောင်းကြီး၍တစ်နှစ်ပြီးတစ်နှစ်ချောင်းကမ်းပါးတိုက်စားလာခြင်း	–လုပ်အားဖြင့်ပါဝင်နိုင်ခြင်း –သဲကျောက်များအလွယ်တကူရနိုင်	–ငွေကြေးအခက်အခဲ –နည်းပညာအခက်အခဲရှိခြင်း	–သက်ဆိုင်ရာကျေးလက် – ဌာန/အဖွဲ့အစည်းမှဆောင်ရွက်ပေးရန်	**–မြေထိန်းနံရံတည်ဆောက်ခြင်း**
၂။ ကဏ္ဍ – ကျေးရွာမီးလင်းရေး					
–ကျောင်း နေကလေးများမီးမရရှိမှုကြောင့် စာဖတ်ရန်အခက်ခဲရှိခြင်း –ဗဟုသုတအား နည်းခြင်း	–လျှပ်စစ်မီးမရရှိခြင်း	–လျှပ်စစ်မီးဆောင်ရွက်ရန်အတွက် ရေချောင်းရေအရင်းအမြစ်များစွာရှိခြင်း –လမ်းများကောင်းမွန်ခြင်း	–ရန်ပုံငွေအခက်အခဲရှိခြင်း –ချိတ်ဆက်မှုအားနည်းခြင်း	–သက်ဆိုင်ရရာကျေးလက်ဌာန/လျှပ်စစ်စစ်ဦးစီးဌာန/လွတ်တော်/ပုဂ္ဂလိကအဖွဲ့အစည်းများမှဆောင်ရွက်ပေးရန်	**–မဟာဓါတ်အားလိုင်းသွယ်တန်းခြင်း** **–ဆိုလာမီးလင်းရေးဆောင်ရွက်ပေးခြင်း**
၃။ စိုက်ပျိုးရေးကဏ္ဍ					
–စိုက်ပျိုးရေးပဟုသုတ၊ စိုက်နည်းပညာအားနည်း	–စိုက်ပျိုးရေးပဟုသုတ၊စိုက်နည်းပညာ အားနည်း	စိုက်ပျိုးမြေများစွာရှိ	–ချိတ်ဆက်မှုအားနည်း –နည်းပညာအခက်ခဲရှိ –ငွေကြေးအခက်ခဲရှိ – စိုက်ပျိုးရေးအခက်အခဲရှိ	သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှဆောင်ရွက်ခြင်း	–စိုက်ပျိုးရေးနည်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်း

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၄။ကဏ္ဍ– ကျန်းမာရေးကဏ္ဍ					
ဆေးကုသရန် နေရာမရှိခြင်း	ဆေးပေးခန်းအခက်ခဲ	ဆေးခန်းဆောက်လုပ်ရန် မြေနေရာရှိခြင်း လုပ်သားဖြင့်ပါဝင်နိုင်ခြင်း	–သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း –ငွေကြေးအခက်အခဲရှိခြင်း	သက်ဆိုင်ရာကျန်းမာရေးဌာနမှဆောင်ရွက်ပေးခြင်း	–ရွာတွင်းဆေးပေးခန်းဆောက်လုပ်ပေးခြင်း
၅။ ကဏ္ဍ– အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း					
ကုန်ထုတ်လုပ်မှုနှင့် မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေနည်းပါးခြင်း	အသက်မွေးဝမ်းကျောင်းနည်းပညာ ဖွံ့ ဖြိုးမှုအားနည်း သည်။	နည်းပညာသင်ယူရန် လူ့အရင်းအမြစ်ရှိခြင်း၊ အသက်မွေးဝမ်းကျောင်းနည်းပညာ ပံ့ ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ ဒေသအတွင်း ရှိသည်။	သင်တန်းတက်ရောက်ရန် ကုန်ကျမှု ငွေကြေးမတတ် နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနမှတဆင့် စိုက်ပျိုးရေးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း	၁။ အလှပြင်သင် တန်း ၂။ စက်ချုပ်သင်တန်း ၃။ ကား စက်ပြင်သင်တန်း ၄။ ယိုထိုး/ဆပ်ပြာပြုလုပ်နည်းသင်တန်း ၅။ မုန့်ပြုလုပ်နည်း သင်တန်း

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	-	-	-
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂	၂	၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	-	၄	၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂	၁	၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁	၁၀	၂၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	-	-	-
စုစုပေါင်း		**၁၅**	**၁၇**	**၃၂**
စုစုပေါင်း အိမ်ထောင်စု (၈)အိမ်		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၀**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၆ အိမ်ရှိပြီး လူဦးရေပေါင်း ၃၂ (ကျား ၁၅ + မ ၁၇) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၄.၅ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ နည်းသည်ကို တွေ့ရသည်။ ကျေးရွာတွင်နို့စို့အရွယ်ကလေးငယ်များ မရှိသည်ကိုတွေ့ရသည်။ မူလတန်းကျောင်းသား အရွယ်(၅)ဦး(ကျား-၂+မ-၂)၊ အလယ်တန်း ကျောင်းသား အရွယ် ၆ ဦး (ကျား-၃+မ-၃)၊ အထက်တန်း ကျောင်းသားအရွယ် (၂)ဦး(ကျား-၀+မ-၂)သာ ရှိသည်ကိုသိခြင်းအားဖြင့် ကျောင်းနေအရွယ်ကလေး ကျောင်းနေနိုင်ခြင်း ရှိ/မရှိသည်ကို အလွယ်တကူတိုင်းတာသိရှိနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၂၆ (ကျား-၁၆ + မ ၁၀) ၊ (၈၁.၂%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်ရှိသည်ကိုတွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင် ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေး အတွက် များစွာ အထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီးအရွယ်လူကြီးမရှိပါ။ ကျေးရွာတွင် သက်ကြီးရွယ်အို နည်းသည်ကို တွေ့ရသည်။

(၂) သဘာဝရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁	ကောင်း ☐	သင့်☒	ညံ့☐
ဥယျာဉ်ခြံမြေ	၁	–		
ကိုင်း/ကျွန်းမြေ	–	–		
ခနိတောမြေ	–	–		
စားကျက်မြေ	–	–		
မြေလွတ် မြေလပ်	–	–		
စုစုပေါင်း	**၁၀ ဧက**			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ် - ၈ ဧက၊ တောင်ယာ - ၁ ဧက၊ ဥယျာဉ်ခြံမြေ - ၁ ဧက ရှိပြီး စိုက်ပျိုးရေးအတွက် ချောင်းရေနှင့် မိုးရေကိုသာ အဓိကထားအသုံးပြုနေရပါသည်။ မြေဆီလွှာ အသင့်အတင့်ရှိသည်။ စိုက်ပျိုးမြေ ဧက နည်းသည်ကို တွေ့ရပြီး မြေနေရာတူးဖော်ရန် ငွေကြေးမတတ် နိုင်ပါ။ လူအင်အားနည်းပြီး စိုက်ပျိုးမြေများကို မတူးဖော်နိုင်ကြပါ။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးချနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(~~ဆေးကျောက်မျက်~~၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ	ကျောက်၊သဲ၊ကျောက်စရစ်(များ)	လွယ်
အခြားသဘာဝအရင်းအမြစ်	သင့်	လွယ်
တိရစ္ဆာန်မျိုးစိတ်များ	**သင့်**	လွယ်
သဘာဝ အပင်မျိုးစိတ်များ (လူ့တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	များ	လွယ်
ပျမ်းမျှအပူချိန်-	**ပျမ်းမျှမိုးရေချိန်- ၁၈၈**	

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာသည် ချောင်းဘေးတွင်ရှိသောရွာဖြစ်သဖြင့် သဲ၊ ကျောက်များကို အလွယ်တကူရရှိနိုင်ပါသည်။ ရွာ၏ ပတ်ဝန်းကျင်တောင်များမှ တောဝက်၊ တောကြောင် နှင့် ဂျီများကိုလည်း ရံဖန်ရံခါ တွေ့မြင်ရရှိပါသည်။ အပင်မျိုးစိတ်များအနေဖြင့် လူနှင့် တိရိစ္ဆာန်တို့အတွက် အလွန်အသုံးဝင်သော ဆင်တုံးမနွယ်ပင်၊ စသောအမျိုးအမည်မသိ ဆေးဖက်ဝင်အပင်များစွာကိုလည်း ရရှိနိုင်သည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁။	အုပ်ချုပ်ရေး	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အသင့်အတင့်ရှိ
၂။	COC အသင်းတော်	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အသင့်အတင့်ရှိ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၃။	လူငယ်အဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်အသင့်အတင့်ရှိ
၄။	MAM	၁☐ ၂☒ ၃☐	ပညာရေး ☐ ငွေကြေး ☒ ကျန်းမာရေး ☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၅။	World concert	၁☐ ၂☒ ၃☐	ပညာရေး ☐ ငွေကြေး☒ ကျန်းမာရေး ☒ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄-၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	-		၁၈က
အိမ်အခြေအနေ	-	-		သက်ကယ် မိုး/ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	-		-
အဓိကစီးပွားရေး လုပ်ငန်း	-	-		လယ်၊တောင်ယာ၊သတား၊ငါး ရှာဖွေရေး
အိမ်ထောင်စု (၆)	-	-		၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လုံခါးကျေးရွာတွင် အိမ်ခြေ ၆ အိမ်ရှိပြီး အဆင့် ၁ (-) အိမ် (၀ %)၊ အဆင့် ၂ (-)အိမ် (၀ %)၊ အဆင့် ၃ (၀) အိမ် (%)နှင့် အဆင့် ၄ (၆) အိမ် (၂၈.၅%) ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သော ပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများ ပိုင်ဆိုင်မှုသည် အိမ်အခြေအနေသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ ၊ အဆင့် ၂ နှင့် အဆင့် ၃ အိမ်အရေအတွက်များမရှိပါ။ အဆင့် (၄) အလွန်အဆင်မပြေသောအိမ်ထောင်စု(၆) စုရှိပြီး စုစုပေါင်း(၆) အိမ်ထောင်စုရှိပါသည်။ ထို့ကြောင့် အဆင့် (၄) အလွန်အဆင်မပြေသောအိမ်ထောင်စု(၆) စုများသည် လယ်၊ တောင်ယာ၊ အခင်းများလုပ်ကိုင်ပြီး၊ တောထွက်ပြီး သား၊ ငါးရှာဖွေရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများသို့ ကျပမ်းသွားရောက်လုပ်ကိုင်ကြပြီးအသက်မွေးဝမ်းကျောင်းပြုကြရသည်။ ပုံမှန် အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသောကြောင့် ပြင်ပ (ပြည်တွင်း /ပြည်ပ) သို့ ရွှေ့ပြောင်း သွားလာလုပ်ကိုင်စားသောက်ကြရသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂) စိုက်ပျိုးနိုင်သောမြေရိယာ

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	–	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	–	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	–	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၆**	

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့ ၁ အိမ်၊ ဆင်းရဲသားတောင်သူ ၅ အိမ်၊ စုစုပေါင်း ၆ အိမ်ရှိသည်။ မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်သည် အရေအတွက် အားဖြင့် မြေယာပိုင်ဆိုင်မှု နည်းကြောင်းတွေ့ရသည်။ ထို့ကြောင့် မြေယာ၊အခင်းမြေများ တူးဖော်ရေးဆိုင်ရာ အစီအစဉ်များ လုပ်ဆောင်ဖို့ရန် လိုအပ်ကြောင်းတွေ့ရသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	၆	တင်း	၃၀	၄၀	၃၅	ဇူလိုင် လ	နိုဝင်ဘာ	မြင့်☐ လတ်☒ နိမ့်☐	မြင့်☐ လတ်☒ နိမ့်☐

ရင်းမြစ် .... ဦးတည်အုပ်စု ဆွေးနွေးခြင်း –လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ အဓိစိုက်ပျိုးသီးနှံများမှ စပါးတို့ဖြစ်ပါသည်။ ပြောင်းဖူး၊ အာလူး၊ ပိန်းဥ အစရှိသော သီးနှံများလည်း စိုက်ပျိုးကြသည်။ စပါးစိုက်ဧကပေါင်း (၆)ဧကရှိပြီး ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင်ရိတ်သိမ်းကြသည်။ အနည်းဆုံး စပါးစိုက်အထွက်နှုန်းမှာ ဧက တင်း ၃၀ မှ အများဆုံး ၄၀ နှင့် ပျမ်းမျှ ၃၅တင်းနှုန်းထွက်သည်။သွင်းအားစု လိုအပ်ချက်မှ အသင့်တင့်ဖြစ်ပြီး အမြတ်ရရှိမှု နိမ့်သည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၆	၉
နို့စားနွား	-	
ကျွဲ		
မြင်း	-	
မြည်း	-	
လား	-	
ဆိတ်	-	
သိုး	-	
ဝက်	၆	၇
ကြက်	၆	၆၄
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	-	
ပုဇွန်ကန်	-	
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	
ရေချို ငါးဖမ်းလုပ်ငန်း	၆	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နွားကို ၆ အိမ်မှ ၉ ကောင်၊ ဝက်ကို ၆ အိမ်မှ ၇ ကောင်၊ ကြက်ကို ၆ အိမ်မှ ၆၄ ကောင်မွေးမြူကြသည်။ ကျွဲ၊နွားများကို လယ်၊ ယာ၊ မြေထွန်ယက်စိုက်ပျိုးရန်နှင့် ဆုတောင်းပွဲများ၊ ဘာသာရေးပွဲလမ်းသဘင်များ၊ မင်္ဂလာဆောင်ပွဲလမ်းသဘင်များတွင် အသုံးပြုကြသည်။ ကျေးရွာတွင် ရေလုပ်ငန်းနှင့် ပတ်သက်၍မဆောင်ရွက်ကြပါ။ ကျေးရွာ၏ဘေးချောင်းတွင် အိမ်တိုင်းလိုလို မိသားစုစားဝတ်နေရေး အတွက် ငါးများဖမ်းကြသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု(နိမ့်၊ လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	-	-	-	-
၅	ယဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင် ၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)	-	-	-	-
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	-	-	-	-
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေး ခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန် ဆောင် မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း	-	-	-	-
၁၂	ပညာရေး	-	-	-	-
၁၃	ကျန်းမာရေး	-	-	-	-
၁၄	လူမှုရေးလုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ြ ပြပါလုပ်ငန်းများမှအပ)	-	-	-	-

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုသောသူ မရှိပါ။ တပိုင်တနိုင် လယ်၊တောင်ယာ၊အခင်းများနှင့် တောထွက် အသား၊ငါး ရှာဖွေပြီး ဆင်းရဲစွာ အသက်မွေးဝမ်းကျောင်းပြုကြသော ကျေးရွာဖြစ်သည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	နောင်မွန်မြို့	ပူတာအိုမြို့
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☒ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☒ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☒ စက်ဘီး☐ ဆိုင်ကယ်☒ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် ☒ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☒ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် လှေ ☐ စက်လှေ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ နှင့်အနီးဆုံးဈေးမှာ နောင်မွန်မြို့နယ်မြို့မဈေး ဖြစ်ပြီး ၈ မိုင်မှ ၁၀ မိုင်ခန့် အထိ ကွာဝေးပါသည်။ ရောင်းချမည့်ကုန်စည်များကို ပို့ဆောင်ရာတွင် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲမှု၊ လမ်းမကောင်းမှုကြောင့် ကုန်စည်တန်ဆာခများ များစွာပေးရပါသည်။ ထို့ကြောင့်ဈေးကွက်သို့ ချောမွေ့စွာသွားလာနိုင်ရန် လမ်းကောင်းမွန်ရန်နှင့် ကျေးရွာနှင့်နီးသော ဈေးကွက်များဖော်ထုတ်ပေးရန်လိုအပ်ကြောင်းတွေ့ရှိ ရပါသည်။

အကြီးစားဈေးမှာ ပူတာအိုမြို့တွင် တည်ရှိပြီး ကားများကို စင်းလုံးငှါးပြီး သွားလာကြရသော
ကြောင့် ကုန်ကျစရိတ်များသည်။ အကယ်၍အများပြည်သူသွားလာရန် ဘတ်စ်ကားလိုင်း ပြေးဆွဲပေးနိုင်ပါက သယ်ယူစရိတ်သက်သာလာမည်ဖြစ်သည်။ ပူတာအိုဈေးတွင် ကုန်မျိုးစုံလိုသလောက် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ကျေးရွာမှ ထွက်ရှိသောရောင်းကုန်ပစ္စည်းများ ပုံမှန်ရောင်းရန်မရှိသလောက် ပင်ဖြစ်သည်။

(၅-၂) ကျေးရွာ၏ လမ်းပမ်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည် အသွေး	တည်ဆောက် ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ ☒	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☒ တစ်နှစ်ပတ်လုံး ☐	၀-၁ မိုင် ☒ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐	ကောင်း ☐ သင့် ☒ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☒ တစ်နှစ်ပတ်လုံး ☐	၀-၁ မိုင် ☒ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ ၂☐ ၃☒ ၄☐ ၅☐	ကောင်း☐ သင့် ☒ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ်☒ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☒	၀-၁ မိုင် ☒ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချော လမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းများမှာ မြေသားလမ်းဖြစ်ပါသည်။ နွေရာသီနှင့် ဆောင်းတွင်းကာလတွင် သွားလာရန် အဆင်ပြေသော်လည်း မိုးတွင်းအခါတွင် ရွံ့ဗွက်လမ်းအသွင် ပြောင်းပြီး အလွန်သွားလာရခက်ခဲပါသည်။ ရွာတွင်းလမ်းအရှည်မှာ ၄ ဖာလုံ မိုင်ခန့် ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကဆန်ချောင်းကြီးတံတားသစ်သားတံတားနှင့် ကတ္တရာလမ်းဖြစ်ပြီး သွားလာရန်အဆင်ပြေပါသည်။ ကဆန်ချောင်းကြီးတံတားမှာ သစ်သားဖြင့်တည်ဆောက်ထားသော တံတားဖြစ်သည့်အတွက်ကြာရှည်ခံခြင်းမရှိပါ။ထို့ကြောင့်တံတားကြီးတည်ဆောက်ဖို့ရန်လို အပ်ပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းအသုံးမပြုနိုင်ကြပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၁	၆	-	-	-	-	-

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် မော်တော်ဆိုင်ကယ် ၆ စီး ရှိသည်။ သယ်ယူပို့ဆောင်ရေးတွင် ယာဉ်လုံလောက်မှု မရှိသော်လည်းသွားလာရန် လိုအပ်လာပါက စင်းလုံးငှါးသွားလာနေရသောကြောင့်ကုန်ကျစရိတ်များသည်။ အချိန်မရွေးအရေးပေါ်သွားလာရန် လိုအပ် ပါက အခက်အခဲရှိသည်။ ၄င်းအပြင်အချို့လူများ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် သုံးဘီးဆိုင်ကယ် ထူထောင်လိုသော်လည်း အရင်းအနှီးမရှိသောကြောင့် ထူထောင်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အများ ပြည်သူသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးပါရန်နှင့် သုံးဘီး ဆိုင်ကယ်ထူထောင်ပေးပါရန် တင်ပြအပ်ပါ သည်။ မော်တော်ဆိုင်ကယ်များလုံလောက်မှုမရှိ၍ အရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာပါက ချက်ချင်းသွားဖို့ ရန် အခက်အခဲရှိပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	–
ဆိုလာစနစ်	၆
အသေးစားရေအားလျှပ်စစ်	–
ဒီဇယ်သုံးအင်ဂျင်	–
လေစွမ်းအင်	–
ဇီဝလောင်စာ	–
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ်	–
လျှပ်စစ်မီး အသုံးမပြုနိုင်သော	–

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆိုလာလျှပ်စစ်မီသုံးစွဲသူ အိမ်ထောင်စု ၆ အိမ်ထောင်စု ရှိပြီး ရာသီဥတုမကောင်းပါကအားမပြည့်ပါ။ စာကြည့်မီးအတွက်သာ သုံးရပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ ဟန်းဆက်ဖုန်းများ၊ဓာတ်မီးဓာတ်ခဲများ အစရှိသောဓာတ်ခဲများ အားသွင်းဖို့ရန် အသုံးပြုမရနိုင်သော ကြောင့် အခက်အခဲများရှိသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အားပေးစနစ် ထူထောင်ပေးရန် လိုအပ်ပါသည်။

(၅-၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၃	-	-

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၃ လုံးရှိပြီး အမ်ပီတီ (CDMA)ဖုန်းလိုင်းသာမိပြီး ဖုန်းလိုင်းများ မကောင်းပါ။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အသုံးပြုနိုင်ခြင်းမရှိ၊ အင်တာနက်လိုင်း အသုံးပြုနိုင်ခြင်းမရှိ ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှုကွန်ယက်များကို အသုံးပြုနိုင်ခြင်းမရှိ အရေးကြီးသည့် သတင်း၊ နိုင်ငံရေး၊ စီးပွားရေး နှင့် အခြားလေ့လာစရာများကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းမရှိကြသေးပါ။ သတင်းအချက်အလက်များကြည့်ရှုရန် ရေဒီယို၊တီဗွီ စလောင်းများ ဝယ်ယူရန် ငွေကြေး မတတ်နိုင်ကြပါ။

(၆)ပညာရေး

(၆-၁) **ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃	၂	၅
အလယ်တန်း	၃	၃	၆
အထက်တန်း	-	၂	၂
တက္ကသိုလ်/ကောလိပ်	-	-	-

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းတက်ရောက်သူ ၅ ဦး၊ အလယ်တန်းကျောင်းတက်ရောက်သူ ၆ ဦး၊ အထက်တန်းကျောင်းတက်ရောက်သူ ၂ ဦးရှိပြီး

တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူမရှိ၊ ဘွဲ့ရသူ မရှိသည်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာ၏ ပညာရေး အခြေအနေမှာ အလွန်ပင်နိမ့်ကျကြောင်းတွေ့ရသည်။

(၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*									
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	-	-	-	-	-	-	-	-	-
ကျေးရွာခန့်	-	-	-	-	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းဆောင်မရှိပါ။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပုံနှုန်းမှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောရောဂါ	များ ☐	နိမ့် ☒	မရှိ ☐
၂	သွေးလွန်တုပ်ကွေး	များ ☐	နိမ့် ☐	မရှိ ☒
၃	ငှက်ဖျား	များ ☐	နိမ့် ☒	မရှိ ☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	များ ☐	နိမ့် ☐	မရှိ ☒
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	များ ☐	နိမ့် ☐	မရှိ ☒
၆	တီဘီ	များ ☐	နိမ့် ☒	မရှိ ☐
၇	ဆီးချို	များ ☐	နိမ့် ☒	မရှိ ☐
၈	သွေးတိုး	များ ☐	နိမ့် ☒	မရှိ ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	များ ☐	နိမ့် ☐	မရှိ ☒
၁၀	အာဟာရ ချို့တဲ့မှု	များ ☐	နိမ့် ☒	မရှိ ☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	များ ☐	နိမ့် ☒	မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ အဖြစ်များသောရောဂါများမှာ နားမကြား၊စကားထစ်ပြီးမပြောဆိုတတ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပြီး မသန်စွမ်းသူများလည်းရှိသောကျေးရွာဖြစ်သည်။ ငှက်ဖျားရှိသော်လည်းဖြစ်ပွါးမှုနိမ့်သည်။အသက်ရှူလမ်းကြောင်းကူးစက်ရောဂါနှင့်လိင်မှတဆင့်ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အလွန်ပင်အားနည်းသောကျေးရွာဖြစ်သည်။ ထို့ကြောင့် ကျေးရွာ ကျန်းမာရေးအနေဖြင့် ကျန်းမာရေး ပညာပေးသင်တန်း၊ ကျန်းမာရေးအလေ့အထကောင်းများ လေ့ကျင့်ခန်းသုံး ကရိယာများ ထောက်ပံ့ရန်လိုအပ်လျက်ရှိသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	✓	

ရင်းမြစ်.....(၁)**ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂)ကျေးလက်ကျန်းမာ ရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မြို့နှင့် အလှမ်းဝေးသောကျေးရွာဖြစ်သည့်အတွက် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးခြင်းမရှိပါ။ မသန်စွမ်းသူများလည်း ရှိသည့်ကျေးရွာဖြစ်သည့်အတွက် ကာကွယ်ဆေးထိုးပေးခြင်း၊ ဆေးဝါးများ ထောက်ပံ့ရန် အလွန်ပင်လိုအပ်သော ကျေးရွာဖြစ်သည်။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☒ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☒
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐	ရှိ ☐ မရှိ ☒

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☒ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☒

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ကျန်းမာရေးသင်တန်းတက်ရောက်ထားသောသူရှိသည်။ ကျေးလက်ဆေးခန်းများ၊ဆေးဆိုင်များမရှိပါ။ အရေးပေါ်ကိစ္စရပ်များဖြစ်လာပါက အခက်အခဲများစွာရှိသည်။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ နောင်မွန်မြို့တွင် တည်ရှိပြီး ၁၀မိုင်ကျော်ကွာဝေးသော ဆေးရုံဆေးခန်း သို့ သွားရောက်ကုသကြရသည်။ လမ်းမကောင်း၊ အရေးပေါ်သွားလာရန်ယာဉ်မရှိသောကြောင့်အရေး
ပေါ်ကိစ္စများအတွက်များစွာအခက်အခဲရှိသည်။ထို့ကြောင့်အရေးပေါ် ယာဉ်များ လိုအပ်လျက်ရှိသည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇-၄-၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်း သပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေ ဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း	-	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
အဝိစိတွင်း/ စက်တပ်	-	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
အဝိစိတွင်း/ တုံကင်	-	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
မိုးရေ	-	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်း သပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
သိုလှောင်ကန်				မိုး ☐ ဆောင်း ☐
မြစ်/ချောင်းရေ	၈	ရှိ☑ မရှိ☐	ကောင်း☐ သင့်☑ ညံ့☐	နွေ ☒ မိုး ☒ ဆောင်း ☒
ရေကန်	–	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
စိမ့်စမ်းရေ	၈	ရှိ ☑ မရှိ	ကောင်း☐ သင့်☒ ညံ့☐	နွေ ☒ မိုး ☒ ဆောင်း ☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရေအရည်အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။ ကျေးရွာသည် ရပ်ဘေ့(၁)စိမ့်စမ်းရေမှ တဆင့် စိမ့်စမ်းရေသွယ်သန်းခြင်းကို တစ်ရွာလုံးနီးပါး အသုံးပြုကြသည်။ ရွာဘေးရှိသော ချောင်းရေကိုလည်း သောက်သုံးလျက်ရှိကြသည်။

(၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	–
ရေလောင်း/ယင်လုံအိမ်သာ	၄
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
တွင်းရှိအိမ်သာ	၂
တွင်းမရှိ အိမ်သာ	–
အိမ်သာမရှိ	–

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ၆ အိမ်ရှိသည့်အနက် ရေလောင်း/ယင်လုံအိမ်သာကို (၄)အိမ်မှအသုံးပြုနိုင်ပြီး ကျန်(၂)အိမ်သည် တွင်းရှိအိမ်သာကို သုံးစွဲကြသည်။ တစ်ကိုယ်ရည်ကျန်းမာသန့်ရှင်းစွာ နေထိုင်ခြင်းမရှိပါ။ ထို့ကြောင့် တစ်ကိုယ်ရည်ကျန်းမာသန့်ရှင်းရေး အသိပညာပေးအစီအစဉ် များ ပြုလုပ်ပေးသင့်ကြောင်းတွေ့ရသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လုံခါးကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ကျေးရွာတစ်ရွာလုံးနီးပါးမှာ စားနပ်ရိက္ခာဖူလုံမှုမရှိပေ။ သဘာဝဘေးအန္တရာယ်များမှာ ရေကြီးခြင်းလေပြင်းတိုက်ခိုက်ခြင်းများ ရွာဘေးချောင်းမှ မြေတိုက်စားခြင်းရှိပါသည်။ မိုးတွင်းကာလတွင် မိုးရွာသွန်းမှုကြောင့် တောင်ပြိုမှုများကြောင့် လမ်းများမကြာခဏပိတ်မှုများလည်းရှိပါသည်။ ကျေးရွာ၏ အနီးအနားတဝိုက်တွင် စည်းကမ်းမဲ့စွာသစ်ဆွေ၊ထင်းခုတ်မှုများကြောင့် သစ်တောပြုန်းတီးမှုများ ရှိနိုင်ပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု		
မြေဆီဩဇာ အခြေအနေ	**မြင့်☐**	**လတ် ☒**	**နိမ့်☐**
အပင်မျိုးစိတ်များ	**မြင့်☐**	**လတ်☒**	**နိမ့်☐**
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	**မြင့်☐**	**လတ်☒**	**နိမ့်☐**
ရေအရင်းအမြစ်	**မြင့်☐**	**လတ်☒**	**နိမ့်☐**
ငါးမျိုးကွဲများ	**မြင့်☒**	**လတ်☐**	**နိမ့်☐**
အခြားတိရစ္ဆာန်မျိုးကွဲများ	**မြင့်☐**	**လတ်☒**	**နိမ့်☐**
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	**မြင့်☐**	**လတ်☐**	**နိမ့်☒**

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာအခြေအနေမှာ အသင့်အတင့်ရှိသည်။ အပင်မျိုးစိတ်များမှာ ဆင်တုံးမနွယ် အမျိုးအမည်မသိအပင်များစွာရှိသည်။ ရေအရင်းအမြစ်မှာ လယ်ယာလုပ်ငန်းအတွက် ချောင်းရေကိုသာ အဓိကထား

အသုံးပြုကြပါသည်။ ငါးရံု၊ငါးခူ၊ရေခဲငါး၊ငါးဝိုင်း စသောငါးမျိုးစိတ်များစွာကိုလည်း ရွာ၏ပတ်ဝန်းကျင် တောချောင်းများမှ အလွယ်တကူဖမ်းယူ ရရှိနိုင်သည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* ☒
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☒	*မရှိ* ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☐	*မရှိ* ☒
၄	အိမ်ထောင်စု (သို့) ကျေးရွာထက် ကျော်လွန်၍ အမျိုး သမီးများ၏ ဦးဆောင်လုပ်ရှားမှု	*ရှိ* ☐	*မရှိ* ☒

ရင်းမြစ် (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု ခေါင်းဆောင်မှု မရှိသေးပါ။ ကျေးရွာမှ ရွေးချယ်တင်မြောက်လာပါက လုပ်ဆောင်နိုင်ရန် အသင့်ဖြစ် ကြောင်းလည်းတွေ့ရှိရပြီး အချို့သောအမျိုးသမီးများ ရွေးချယ်လာပါက လုပ်ဆောင်ရန် ယုံကြည်မှုမရှိ ကြကြောင်းတွေ့ရှိရပါသည်။ လူထုမှ ရွေးချယ်တင်မြောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ စွမ်းဆောင်ရည်မြှင့် သင်တန်းများ ဖွင့်လှစ်ပေးသင့်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသော်လည်း အမျိုးသမီး များစွမ်းဆောင်ရည်မြှင့် တင်ရေးသင်တန်း များ တက်ရောက်ရန်လိုအပ်လျက်ရှိကြောင်းတွေ့ရပါသည်။

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
MOALI	စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
VDP	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ကျေးရွာစိတ်ဓာတ်

ဒို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့အားလုံးတွင်တာဝန်ရှိသည်။

- မိမိတို့ ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ပါ။

၁။ စည်းလုံးညီညွတ်ပါ
၂။ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပါ
၃။ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ် မွေးမြူပါ
၄။ မိမိကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်လိုစိတ် မွေးမြူပါ
၅။ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားပါ၊အကျိုးရှိစွာ အသုံးပြုပါ

ကျေးဇူးတင်ပါသည်။